# ပြင်းတောင်ကျေးရွာ

# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂- ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပြင်းတောင်ကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

ပြင်းတောင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊မတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **ပြင်းတောင်ကျေးရွာသယံဇာတပြမြေပုံ၊ Seasonal Calendan အဖွဲ့အစည်းချိတ်ဆက် မှုပြပုံ၊ ဥစ္စာခနေအဆင့်သတ်မှတ်ခြင်း၊ မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၀ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၀ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၁ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၂ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၅ |

| | | |
|---|---|---|
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | **၁၆** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | **၁၇** |
| | **နောက်ဆက်တွဲ** (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၇၁ |
| | **နောက်ဆက်တွဲ** (၄) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | **၇၇** |
| | **နောက်ဆက်တွဲ** (၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | **၇၉** |
| | **နောက်ဆက်တွဲ** (၆) ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | **၈၁** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ၂၀၂၆/၂၀၂၇ခုနှစ်အထိ (၅)နှစ်ကြာ အကောင် အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အားအထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါ မည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင်ရာ

ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာစသည် တို့ကို အဓိကထားဖော်ပြထားပါသည်။

မတ်လ၊၂၀၂၃

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ပြင်းတောင်ကျေးရွာ**

**မြိတ်မြို့နယ်**

# ပြင်းတောင်ကျေးရွာသယံဇာတပြမြေပုံ




# Seasonal Calendar



## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ ( ဖြင်းတောင်ကျေးရွာ )

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၆ | ၃၂ | ၂၄ | ၄ |

## ၁။တည်နေရာနှင့်ပထဝီဝင်အနေအထား

ပြင်းတောင်ကျေးရွာသည် တောင်ရှည်ကျေးရွာအုပ်စုတွင်ပါဝင်ပြီး အရှေ့ဘက်တွင် တပ်တောင်ကျေးရွာ၊ တောင်ဘက်တွင် တောင်ရှည်ကျေးရွာ၊မြောက်ဘက်တွင် တောင်ယာထဲကျေးရွာ၊ အနောက်ဘက်တွင် ကျွဲကူး-ကျောက်ဖျာမြစ်များဖြစ်ပြီး နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။ ကျေးရွာသည်မြောက်လတ္တီကျု ၁၂ဒီဂရီ၅၈မိနစ်၂၅စက္ကန့်နှင့် ၉၈ဒီဂရီ၁၇မိနစ် ၅၆စက္ကန့်အကြား အရှေ့လောင်ဂျီကျု ၁၂ဒီဂရီ၅၇မိနစ်၄၀စက္ကန့်နှင့် ၉၈ဒီဂရီ၃၅မိနစ် ၁၅စက္ကန့်အကြားတွင် တည်ရှိပါသည်။ ပြင်းတောင် ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဧရိယာပေါ်များပြီး၊ တောင်ကုန်း၊ တောင်တန်းများလည်းရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ပြင်းတောင်ကျေးရွာကို လယ်ကွင်းများဖြင့် ဝန်းရံထားပါသည်။

## ၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ပြင်းတောင်ကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တောရာသီဥတုကျရောက်သည့် ဒေသအတွင်းတည်ရှိပါသည်။အမြင့်ဆုံးအပူချိန် (၄၃) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် (၁၆) ဒီဂရီစင်တီဂရိတ်ဖြစ်ပါသည်။ သဘာဝအရင်းအမြစ်များမှာ ခနိပင်၊ သက်န်းပင်၊ တကူပင်၊ ပန်းသည့်င်းပင်၊ ပိတောက်ပင်များနှင့် စသည့်အခြားသစ်ပင်များစွာရှိပါသည်။ အခြားသောသတ္တု၊ ကျောက်မျက်၊ခဲစသည့် သယံဇာတတွင်းထွက်များမှာ အလွန်ပင်ရှားပါးလှပါသည်။ သဘာဂအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ်တွေ့ရှိရပါသည်။

## ၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

**ပြင်းတောင်ကျေးရွာ**တွင်အိမ်ထောင်စု (၈၃) စုရှိပြီး၊လူဦးရေစုစုပေါင်း (၃၈၆) ဦးရှိပါသည်။ ကျေးရွာတွင်ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့် ကောင်းမွန်သည်ဟုဆိုနိုင်သော်လည်း ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့စသည်ဖြင့် အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ယခုအခါတွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကိုကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ပြင်းတောင်ကျေးရွာ**တွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ/ ကျေးရွာပြင်ပမှလူမှုကူညီရေးအဖွဲ့များ**အနေဖြင့် ငွေကြေး ကဏ္ဍအတွက်ဆောင်ရွက်ပေးနေသည့်အဖွဲ့အစည်းသာရှိပါသည်။** ပြည်တွင်း/ ပြည်ပ ကူညီရေးအဖွဲ့များအား သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ရန်လိုအပ်နေပါသည်။

**၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

**ပြင်းတောင်ကျေးရွာ**တွင်လယ်မြေ **(၂၈၂)** ကေ၊ဥယျာဉ်ခြံမြေ **(၁၂၄)**ကေ၊ ယာမြေ/တောင်ယာမြေ(၁၃)ကေ၊ ကိုင်းကျွန်းမြေ(၇)ကေ၊ ဓနိတောမြေ(၇၉)ကေ၊ စားကျက် မြေ(၇၆)ကေ စုစုပေါင်း **(၅၈၁)**ကေရှိပါသည်။ စိုက်ပျိုးမြေပိုင်ဆိုင်သည့် အိမ်ထောင်စု **(၆၄)** အိမ်သာရှိပါသည်။ တောင်သူငယ်**(၁၁)အိမ်ထောင်၊ တောင်သူလတ်**(၂၇) **အိမ်ထောင်နှင့် ဆင်းရဲသားတောင်သူ**(၈)**အိမ်ထောင်စုနှင့်တောင်သူကြီး(၁၆)အိမ်ထောင်စုရှိပါသည်။**

**ပြင်းတောင်ကျေးရွာ**တွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါးနှင့်ရာဘာဖြစ်ပြီး ကွမ်းသီးနှင့် ဆောင်းသီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာတစ်ကေပျမ်းမျှ (၂၅) တင်းသာရှိပါသည်။ ကျေးရွာအတွင်းရှိလယ်သမားများတွင်တစ်ဦးချင်းပိုင်ထွန်စက် **(၄၆)** စီး၊ခြွေလှေ့စက်(၁၆)စီး၊ရိတ်သိမ်းခြွေလှေ့စက်(၁၁)လုံး၊ မြက်ရိတ်စက် **(၅)**လုံးရှိပါသည်။ လယ်ယာမြေ အသုံးချနိုင်မှုမှာ အသင့်အတင့်အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုး တစ်ခုကိုသာသုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့်သုံးစွဲမှုနှင့် ပတ်သက်၍ ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး နည်းပညာ များလက်ခံကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများတိုးတက်လာပေမည်။ မြေဆီလွှာ မကောင်းခြင်း၊ စိုက်ပျိုးမြေများတွင်ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံအထွက်နှုန်း နည်းပါးမှု များကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများ လိုအပ်နေပါသည်။ ထို့အပြင်မြေဆွေး၊ အော်ဂဲနစ်များထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ သုံးစွဲနည်းများကို မသိရှိသည့်အတွက် ကျေးရွာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲတစ်ရပ် ဖြစ်နေပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း**

ပြင်းတောင်ကျေးရွာတွင် ကြက်မွေးမြူထားသည့်အိမ်ထောင်စု (၁၀) အိမ်ရှိပြီး ကြက်ကောင်ရေ (၁၂၃) ကောင်၊ အိမ်ထောင်စု (၁) အိမ်မှဘဲ (၁၁)ကောင်၊ နွားမွေးမြူ ထားသည့်အိမ်ထောင်စု(၂၃)အိမ်မှ (၉၃)ကောင်နှင့် ဝက်မွေးမြူထားသည့် အိမ်ထောင်စု

(၃၄)အိမ်မှ (၁၆၆)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ် မွေးမြူလိုကြသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာရောင်းချကြပါသည်။ မျိုးကောင်းမျိုးသန့်များရရှိရန်လိုအပ်လျက်ရှိပြီး တိရစ္ဆာန်ရောဂါကျရောက်မှု ရှိသည့်အတွက် ကျေးရွာသည် မြို့နှင့်အလှမ်းဝေးပြီး မွေး/ကုဦးစီးဌာနမှဆရာဝန်များမှလည်း အချိန်မီ လာရောက်ကုသနိုင်ခြင်းမရှိသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်နည်းဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်နှင့် မျိုးကောင်းမျိုးသန့်များ ချိတ်ဆက်ဝယ်ယူရန် လိုအပ်လျက်ရှိပါသည်။

ပြင်းတောင်ကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများမှာ ရေရရှိနိုင်မှုမှာအလုံအလောက်ရရှိနိုင်ပြီး၊ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်ခြင်းနှင့် သွင်းအားစုများဝယ်ယူနိုင်ခြင်များ ရှိပါသည်။ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့်အတွက် စီးပွားဖြစ်မွေးမြူရေးနှင့် သားငါးထုတ်လုပ်မည်ဆိုပါက အဆင်ပြေသည့်ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် နောက်ပိုင်းတွင်မွေးမြူနိုင်သည့် အိမ်ထောင်စုများလာနိုင်သည့်အတွက် ငါးမွေးမြူရေးနှင့် သက်ဆိုင်သောနည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့်နေရာများ၊ မွေးမြူသည့်နည်းစနစ်များ ရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါသည်။

ပြင်းတောင်ကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှု တိုးတက်စေရန် အတွက် ပြဿနာနှင့်စိန်ခေါ်မှုများမှာ မွေးမြူရေးနှင့်ပတ်သက်သည့် အတွေ့အကြုံ၊ နည်းပညာမရှိခြင်း၊ မျိုးကောင်းမျိုးသန့်များဝယ်ယူရန်အတွက် အဆက်အသွယ်မရှိခြင်း စသည်တို့ဖြစ်ပါသည်။ ထို့ကြောင့်ကျေးရွာတွင် နည်းပညာပေးသင်တန်းနှင့် မျိုးကောင်း မျိုးသန့်ဝယ်ယူရန်ချိတ်ဆက်ပေးရန်လိုအပ်လျက်ရှိပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ပြင်းတောင်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ မှာ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူစသည့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများဖြစ်ပါသည်။ လုပ်သားအင်အားရရှိနိုင်မှု အသင့်အတင့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။ ကျေးရွာရှိရောင်းဝယ်ဖောက်ကားနေသူများ တွင် ဈေးကွက်ဆိုင်ရာအသိအမြင် အသင့်အတင့်ရှိပြီး၊ ကုန်ကြမ်းရရှိနိုင်မှုအခြေအနေအသင့်အတင့်နှင့် ကျေးရွာနှင့်မြိတ်သို့ လမ်းပန်းဆက်သွယ်ရေးမှာလည်းအသင့်အတင့်သာကောင်းမွန်ပါသည်။

ပြင်းတောင်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင် နေထိုင်သောသူအချို့သည် အခြားဒေသထွက်ကုန် များမှာလည်း ဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင်သွားလာရ အဆင်ပြေသော်လည်း မိုးရာသီတွင် မြေသားလမ်းများဖြစ်သည့်အတွက် သွားလာရခက်ခဲခြင်း၊ စသည်တို့ဖြစ်ပါသည်။ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရှိသည့်အတွက် ကျေးရွာအတွက် ချေးငွေကဏ္ဍနှင့်ပတ်သက်၍ အဆင်ပြေလှပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်ကြပြီး ငွေကြေးမပြေလည်မှုကြောင့် ဆင်းရဲသည့်မိသားစုများအတွက် ပညာသင်ယူနိုင်သည့် အခွင့်အလမ်း နည်းပါးလှပါသည်။ ထိုကြောင့်ကျေးရွာတွင်ရှိသော အမျိုးသမီး/ အမျိုးသားငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ် ပို့ချပေးရန် လိုအပ်နေပါသည်။

**(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်သွားလာရ မဝေးသည့်ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ပြင်းတောင်ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမချေးငွေ မှကာလတိုချေးငွေများသာရရှိပါသည်။ အချို့တောင်သူများမှာပုံစံ (၇) ရရန်အခက်အခဲများ ရှိသည့်အတွက် ချေးငွေမရယူသည်များရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင် ထားသည့်သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများချေး၍ မရသည်များ ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေ ပြန်ဆပ်ချိန်တွင် အချိန်မီပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုးနှုန်းကြီးစွာဖြင့်ချေးယူ၍ မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့လုပ်ကိုင်နေသော အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်လာမည်ဖြစ်ပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ပြင်းတောင်ကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ် (၈၀) စီး၊ စက်ဘီး(၃၀)စီး၊ ထော်လာဂျီ(၄)စီး၊ ကား(၂)စီးကို အဓိကထားအသုံးပြုကြပါသည်။ ကျေးရွာ

တွင်းလမ်းများသည် ပျက်စီးနေပြီးသွားလာရခက်ခဲခြင်းများဖြစ်ပေါ်နေပါသည်။ ကျေးရွာချင်းဆက်လမ်းများလည်း ပျက်စီးနေပါသည်။ ထိုကြောင့် ကျေးရွာရှိလမ်းများ ကောင်းမွန်စေရန်အတွက် ပြုပြင်ဆောင်ရွက်လိုကြပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

ပြင်းတောင်ကျေးရွာတွင် ၂၀၂၂-၂၀၂၃ခု၊ ဘဏ္ဍာရေးနှစ်တွင် (၂၄)နာရီလျှပ်စစ်မီးလင်းရေး ရရှိနေပြီဖြစ်ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိလာသည့်အတွက် ကျေးရွာအတွင်း ကျောင်းသားများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ ပေးနိုင်ပါလိမ့်မည်။

**(ဂ) သတင်းနှင့်ဆက်သွယ်ရေး**

ပြင်းတောင်ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကိုဖုန်း **(၁၁၁)** လုံး၊ ရေဒီယို **(၅)** လုံး၊တီဗွီ **(၂၇)** လုံး၊ဂြိုလ်တုစလောင်း **(၂၇)** လုံးစသည်တို့မှရရှိသည့်အပြင်လူကြီးများသည် ဖုန်းကိုစနစ်တကျသုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာ၏ အချို့နေရာများတွင်ဖုန်းလိုင်းမမိသည့်အခြေအနေများရှိပါသည်။ ထိုကြောင့်ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများကောင်းရန်အတွက် ဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

**၆။ပညာရေး**

**ပြင်းတောင်ကျေးရွာတွင်စာမတတ်သူမရှိပါ။ မူလတန်းအဆင့်စာတတ် မြောက်မှုသည် စုစုပေါင်းလူဦးရေ၏**(၆၁)**ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်စာတတ်မြောက်မှုသည်** (၃၁) **ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်မှုသည်** (၃) **ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သည့် ကျေးရွာသူ/ သားများမှာ**(၅)**ရာခိုင်နှုန်းရှိပါသည်။ ဆင်းရဲသည့် အိမ်ထောင်စုများမှာ မိသားစုစားဝတ်နေရေးအတွက် ပြုလုပ်နေရ သည့်အတွက် ပညာရေးကို ဆက်လက်သင်ယူနိုင်ခြင်းမရှိကြပါ။**

**ပြင်းတောင်ကျေးရွာ**ရှိ အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် လုံးဝကျောင်းမနေသူဦးရေ မရှိသည့်အပြင် ဘာသာရေးအခြေပြုကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ လက်ရှိမူလတန်း တက်ရောက်နေသူဦးရေမှာ (၃၈) ဦးရှိပြီး အလယ်တန်းကျောင်းတက် နေသူဦးရေမှာ (၂၀) ဦးနှင့် အထက်တန်းကျောင်းတက်နေသူ ဦးရေမှာ(၁၃)ဦး နှင့် တက္ကသိုလ်အဆင့်တက်ရောက်နေသူ ဦးရေမှာ (၇)ဦးရှိပါသည်။

ပြင်းတောင်ကျေးရွာတွင် မသန်စွမ်းသူများအတွက် အထူးအစီအစဉ်များ ကြိုတင်ရေးဆွဲထားခြင်းမရှိပါ။ မူလတန်းအဆင့်ကျောင်းထွက်နှုန်း**မရှိပါ**။ ကျောင်းအားကစား ဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှု မရှိသည့်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်၍ တင်ပြရန်လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကလေးများပညာ သင်ကြားရေးအတွက် ယခုထက်ပိုမိုအားကောင်းစွာလုပ်ဆောင်ပေးရန်လိုအပ်နေပါသည်။

မူလတန်းအဆင့်အခမဲ့ပညာရေးစနစ်ကြောင့် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိကျောင်းတက်ခွင့်ရနေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သာ ဖွဲ့စည်း ထားခြင်းရှိပြီး ကျောင်းမတက်နိုင်သူများကို ကျေးရွာမှကျောင်းထားပေးသည့် အစီအစဉ် လည်းရှိပါသည်။ ထို့အပြင်ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်းတစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား၊ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်း အားပေးရန်နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်း ဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**ပြင်းတောင်ကျေးရွာ**တွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ တောင်ရှည်ကျေးရွာ အုပ်စုတွင်ရှိသည့် ကျေးလက်ဆေးပေးခန်းတွင် သွားရောက်ပြသကြပါသည်။ ထို့ကြောင့် ကျေးရွာသူ/သားများ အတွက်ကျန်းမာရေးနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေမျိုး ဖြစ်ပေါ်လျှင် အဆင်ပြေလှပါသည်။ ရောဂါပြင်းထန်မှသာ မြိတ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသကြပါသည်။ ကာကွယ်ဆေး ထိုးနှံမှုများ လစဉ်ပြုလုပ်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

ပြင်းတောင်ကျေးရွာတွင်ရေတွင်း(၈)တွင်းရှိပါသည်။ အဝိစိတွင်း(၃)တွင်းရှိပါသည်။ မိုးရာသီတွင်လုံလောက်သော်လည်း နွေရာသီတွင် ရေမလုံလောက်သည့်အတွက် စက်ရေတွင်းတူးဖော်၍ အိမ်သွယ်ရေတိုင်စနစ်ထူထောင်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့်(စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်၊ရေစက်ရုံနှင့် ရေပိုက်သွယ်တန်းခြင်း) လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။

ကျေးရွာတွင်သန့်ရှင်းသောယင်လုံအိမ်သာသုံးစွဲမှုမှာ **(၈၃)** အိမ်ရှိပါသည်။ မသန့်ရှင်းသော အိမ်သာသုံးစွဲမှုများဖြစ်သည့်တွင်း/ ဇလားအိမ်သာ၊ တွင်းမရှိအိမ်သာနှင့် အိမ်သာမရှိသူများ မရှိသည့်အတွက် ကျေးရွာအတွက် အဆင်ပြေလှပါသည်။

## ၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

**ပြင်းတောင်ကျေးရွာ**တွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ် ရမည့်နည်းလမ်း များလည်းထားရှိမှုမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာ တွင်စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာစွန့်ပစ်လျက်ရှိသဖြင့် ပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/သားများ ကောင်းကျိုး၊ ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည်ဖြစ်ပါသည်။

## ၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ပြင်းတောင်ကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသားဦးရေသည် အမျိုးသမီးဦးရေ ထက်များပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီး များသည် အမျိုးသားများနှင့်တန်းတူ ပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန်တိုးတက်ပြောင်းလဲလာပါမည်။ ထိုနည်းတူစွာကျေးရွာတွင် အမျိုးသမီးများ၏ တစ်နေ့အနည်းဆုံးလုပ်အားခသည် (၇၀၀၀) ကျပ်ဖြစ်ပြီး အမျိုးသားများ၏ တစ်နေ့ အနည်းဆုံး လုပ်အားခသည် (၁၀၀၀၀) ကျပ်ဖြစ်ပါသည်။ ထိုမတူညီသောလုပ်အားခများက အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို လျော့ကျစေပါသည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကိုမြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင် မရှိသဖြင့်ပညာပေးသင်တန်းများ၊ဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် -တောင်ရှည် | | | ကျေးရွာအမည် - ပြင်းတောင် | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသား+ကျောက်ရောမြေခင်းခြင်း | |
| ၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | အိမ်သွယ်ရေတိုင်စနစ်ရေရရှိရေး(စက်ရေတွင်း၊ဂါလံ(၂၀၀၀)ဆံ့ရေကန်၊ရေစက်ရုံ | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | |
| ၄ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | ချောင်းမြောင်းတူးဖော် | ရေနုတ်မြောင်းတူးဖော်ခြင်း | |
| ၆ | လျှပ်စစ် | လျှပ်စစ် | (၂၄)နာရီ လျှပ်စစ်မီးလင်းရေး | ဆောင်ရွက်ပြီး |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | စံနှုန်းကိုက်ညီမှုမရှိ |
| ၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင်စာကြည့်တိုက်အား ဆောက်လုပ်ခြင်း | စံနှုန်းကိုက်ညီမှုမရှိ |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (စက်ချုပ်၊) | |

နောက်ဆက်တွဲ (၁)

## ပြင်းတောင်ကျေးရွာ၊ တောင်ရှည်ကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကြည်ငယ် | ဦးသက်ဖေ | ၆/မအရ(နိုင်)၀၁၃၅၉၂ | ၆၈ | ဥက္ကဋ္ဌ | ၀၉-၄၂၁၉၇၈၂၄၈ |
| ၂ | ဦးတင့်ဟို | ဦးအေးမောင် | ၆/မမန(နိုင်)၀၁၃၂၇၄ | ၅၃ | အတွင်းရေးမှူး | ၀၉-၈၈၈၁၅၂၁၆၇ |
| ၃ | ဦးအောင်မြတ်ကျော် | ဦးမောင်တင့် | ၆/မမန(နိုင်)၁၄၆၀၇၈ | ၄၁ | ဘဏ္ဍာရေးမှူး | ၀၉-၄၂၁၉၇၈၂၄၇ |
| ၄ | ဦးစိုးမင်း | ဦးအေးမောင် | ၆/မအရ(နိုင်)၁၀၁၃၇၆ | ၄၆ | စာရင်းကိုင် | ၀၉-၂၅၀၂၄၅၉၅၇ |
| ၅ | ဒေါ်သင်းသင်းကြူ | ဦးသန်းတင့် | ၆/မမန(နိုင်)၂၆၁၈၆၄ | ၅၅ | အဖွဲ့ဝင် | ၀၉-၈၉၇၀၁၇၂၃၇ |
| ၆ | ဒေါ်အင်သောင်း | ဦးလှရွှေ | ၆/မအရ(နိုင်)၀၁၃၄၉၂ | ၂၄ | အဖွဲ့ဝင် | ၀၉-၄၂၃၅၁၉၉၄၇ |
| ၇ | ဒေါ်အေးအေးခိုင် | ဦးဝင်းကြည် | ၆/မမန(နိုင်)၁၇၄၉၃၁ | ၃၅ | အဖွဲ့ဝင် | ၀၉-၂၅၁၄၅၉၃၁၂ |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၂ | ၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၆ | ၂၂ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၈ | ၁၇ | ၃၅ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၄ | ၁၁ | ၂၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၇ | ၁၃၁ | ၂၆၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၅ | ၁၉ | ၃၄ | | |
| စုစုပေါင်း | | ၂၀၀ | ၁၈၆ | ၃၈၆ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၈၃ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပြင်းတောင်ကျေးရွာတွင် အိမ်ထောင်စု (၈၃) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၃၈၆) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၀.၅%)၊ ၅ နှစ်အောက် ကလေးအရွယ် (၆%)၊ မူလတန်းကျောင်းသားအရွယ် (၉%)၊ အလယ်တန်းကျောင်းသားအရွယ် (၆%)၊ သက်ကြီးရွယ်ကြီးအရွယ် (၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၁%) နှင့် အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၂၀၀) ဦး၊ မ (၁၈၆) ဦး စုစုပေါင်း (၃၈၆) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၉%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်း နှင့်အတူတူပင်ဖြစ်ပါသည်။ သို့ရာတွင် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု(၁၆)စုရှိပြီး မသန်စွမ်းသူများမရှိပါ။

(ခ)　အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄၅ | ၉၈ | ၄ | ၉၀ | ၈ | ၁၃ | မြင့် ☐ လတ်☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၂ | ၃၂ | ၅ | ၁၉ | ၁၃ | ၁၀ | မြင့် ☐ လတ်☐<br>နိမ့် ☑ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅ | ၇ | ၃ | ၂ | ၅ | ၄ | မြင့် ☐ လတ်☑<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၃ | မြင့် ☐ လတ်☐<br>နိမ့် ☑ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | ၁ | ၃ | - | ၂ | ၁ | ၃ | မြင့် ☐ လတ်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | ၄ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၈ | ၂ | ၃ | ၅ | ၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ် ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | ၇ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက်အလုပ်သမား | ၅ | ၁၂ | ၂ | ၈ | ၄ | ၂၅ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၈၃ | ၁၆၅ | ၁၆ | ၁၂၄ | ၄၁ | ၇၄ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”** တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ပြင်းတောင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအား အဓိကထားလုပ်ကိုင် သောအိမ်ထောင်စု (၄၅)စုနှင့် လုပ်သားအဖြစ်လုပ်ကိုင်သောအိမ်ထောင်စု(၂၂)စု၊ တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု(၅)စု၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သည့်အိမ်ထောင်စု(၅)စု၊ ထုတ်ကုန်လုပ်ငန်းဖြစ်သည့် ဆန်စက်ထုတ်လုပ်သည့်လုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၁)စု၊ စုရှိပါသည်။ ထို့ပြင် အခြားဝင်ငွေရလုပ်ငန်းအဖြစ် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ လုပ်သားအင်အားပေါများသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်လျက်ရှိပါ သည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၃၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၈၀၀၀ | | ၁၂၀၀၀ | ၈၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ၈)**

**လေ့လာတွေ့ရှိချက်။** ။ပြင်းတောင်ကျေးရွာတွင်အများဆုံးလုပ်ငန်းအဖြစ် လယ်ယာလုပ်ငန်း **လုပ်ကိုင်သည့်** အိမ်ထောင်စုအများစုက လုပ်သားအဖြစ်လုပ်ကိုင်သူများပါသည်။ **၎င်းလုပ်ငန်းတွင်** အမျိုးသား (၁၃၀၀၀မှ ၁၀၀၀၀)ကျပ် အမျိုးသမီး(၇၀၀၀,၅၀၀၀) ကျပ်ရရှိပါသည်။ ထုတ်ကုန်လုပ်ငန်း လုပ်ကိုင်သည့်အမျိုးသား(၁၀၀၀၀, ၈၀၀၀), အမျိုးသမီး(၈၀၀၀,၆၀၀၀)ကျပ်၊ ဆောက်လုပ်ရေးလုပ်ငန်း တစ်နေ့တွင် အမျိုးသား(၁၈၀၀၀မှ၁၂၀၀၀) အမျိုးသမီး (၈၀၀၀)ကျပ်ရရှိပါသည်။ **ကျေးရွာ တွင် အလုပ်အကိုင်ရှားပါးသည့်အတွက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်နှင့် စက်ရုံအလုပ်ရုံများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၈၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၃ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၂၄ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၇ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၇၉ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | ၇၆ | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၅၈၁ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ပြင်းတောင်ကျေးရွာတွင် **စပါးနှင့်ရာသီကိုအဓိကစိုက်ပျိုးကြပါသည်။** မြေဆီလွှာ ပျက်စီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ ပိုးမွှားရောဂါ ကျရောက်ခြင်းများရှိပြီး စိုက်ပျိုးမြေများ မချဲ့ထွင်နိုင်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ မမှန်ကန်ခြင်း၊ နည်းပညာ အားနည်းခြင်း၊ ဈေးကွက်လက်လှမ်းမီမှု အားနည်းခြင်းစသည့် အခက်အခဲ ပြဿနာများ ရှိနေသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ လိုအပ်လျက်ရှိနေပါသည်။ **ကျေးရွာတွင်စိုက်ပျိုးမြေအများစုမှာ လယ်မြေနှင့်** ဥယျာဉ်ခြံမြေများဖြစ်ပါသည်။

(၈–၂) **ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| (ခတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | | | |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☑အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☑မရှိ ☐ | ☒ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ပြင်းတောင်ကျေးရွာတွင် ကျောက်၊သဲ၊ကျောက်စရစ်ထွက်ရှိမှု၊ သဘာဝတိရစ္ဆာန်မျိုးစိတ်များထွက်ရှိမှု၊ သဘာဝအပင်မျိုးစိတ်များ ထွက်ရှိမှုအနည်းငယ်ရှိပါသည်။ **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများထွက်ရှိမှုမရှိပါ။** မြေအောက်ရေ ထွက်ရှိမှုနှင့်မြေပေါ်ရေထွက်ရှိမှု၊ သစ်တော၊ဒီရေတောများသည် ကျေးရွာတွင် ထွက်ရှိပြီး ကျောက်၊သဲ၊ ကျောက်စရစ်များကို မလုံလောက်သည့်အချိန်တွင် အခြားကျေးရွာများမှ

ဝယ်ယူအသုံးပြုကြပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၉ | ၃၂ | ၂၆ | ၆ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ပြင်းတောင်ကျေးရွာတွင် ကျေးရွာအိမ်ထောင်စု၏ (၂၃%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၃၉%) ရှိ သဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများမှာ(၃၁%) ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင် အများစုမှာ မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃ဝရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၁၀ | ၃ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___၁၀________<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ပြင်းတောင်ကျေးရွာတွင် အိမ်ထောင်စု(၁၀)အိမ်သည် ဝမ်းစာဖူလုံမှု အတွက် ချေးငွေယူ၍ မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ ဝမ်းစာဖူလုံမှုအခြေအနေ အတွက် အခြားအစာပြောင်းလဲ စားသောက်ရသည့် အခြေအနေမျိုးမကြုံတွေ့ရပါ။ အခက်အခဲပေါ်ပေါက်လာပါက ဆွေမျိုး/မိတ်ဆွေတို့ထံမှ ချေးငွေယူ၍ ဖြေရှင်းကြပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | ၁ | ၄ | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ပြင်းတောင်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်ကြီးဖြင့်နှစ်နှင့်အထက်(၅)ဦးရှိပါသည်။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု(၁)စုရှိပါသည်။ ၎င်းမိသားစုများကို ကျေးရွာ ပရဟိတအဖွဲ့မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | ✓ | ✓ | | |
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | ငလျင် | ✓ | | | | | ✓ |
| ၈ | အပူလှိုင်း | ✓ | | | | | ✓ |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | ✓ | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | ✓ |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | ✓ |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | ✓ |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | ✓ |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✓ | | | | ✓ |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✓ | | | | ✓ |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | ✓ |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | | ✓ | | | | ✓ |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | | ✓ |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၄ | ကပ်ရောဂါ | | ✓ | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်**

**အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။** ။ပြင်းတောင်ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှု(မြေနှင့်စိုက်ပျိုးရေ)၊ ဆားငန်ရေဝင်မှု အများဆုံးဖြစ်ပေါ်လျက်ရှိပါသည်။ စားနပ်ရိက္ခာမဖူလုံမှုမှာ သင့်တင့်သော အနေအထားတွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့်ကျေးရွာ ဖြစ်ပါသည်။ စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ လျှော်လှုပ်ခြင်း၊ မြေပြိုခြင်းများ မရှိပါ။ ဆားငန်ရေဝင်ရောက်မှုရှိပြီး လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါနှင့် ငှက်ဖျားရောဂါ ကျရောက်မှု မရှိပါ။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု ရှိသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်ပြီး စီးပွားဖြစ်မွေးမြူနည်းပညာနှင့် သင်တန်းများလိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးစသည့် ကိစ္စအဝဝအတွက် နှောင့်နှေးကြန့်ကြာ နေရပါသည်။ ပြင်းတောင်ကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ စိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှုနှင့်မြစ်ရေကြီးသည့်ဖြစ်စဉ်များရံဖန်ရံခါဖြစ်ပေါ်လျက်ရှိပါသည်။ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ် များအနေဖြင့် မြေဆီလွှာပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်လယ်ယာမြေများတွင် ဆားငံရေဝင်သည့်အတွက် ဒီရေတားတမံတည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | ✓ | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | ✓ | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | ✓ |

